ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ညောင်ဦး မြို့နယ်

# လူထု ဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ကောင်းပင်စည် ကျေးရွာ ၊ တောင်ဇင်း အုပ်စု

၂၀၁၇ ခုနှစ်

ညောင်ဦးမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


# ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း




Theikdi Maung (M&E/MIS)

အရင်းအမြစ်ပြ မြေပုံ

၁၀.၁၀.၂၀၁၇



# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ တောင်ဖင်းအုပ်စု ရက်စွဲ ၊ ၁၀.၁၀.၂၀၁၇

ကောင်းပင်စည်ကျေးရွာ လူမှုရေး/အရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၃၆၂ ) ရှိကြောင်း သိရပါသည်။ သို့သော် ရွာထဲတွင် အားလုံးနေထိုင်မှု မရှိကြဘဲ ယာတော ၊ ထန်းတောများတွင် ထန်းသမားများ နေထိုင်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ဘုန်းကြီးကျောင်း ၊ စေတီ ၊ စာသင်ကျောင်း နှင့် တဲစုလေးများ တည်ရှိပါသည် ။ တောင်ဘက်ပိုင်းတွင် ဓမ္မာရုံ ၊ ရေကန် ၊ စက်ရေတွင်း ၊ ပွဲရုံ/စားသောက်ဆိုင် ၊ ဘုန်းကြီးကျောင်း ၊ ထရွန်စဖော်မာ ၊ မီးတိုင်များနှင့်မိုးတွင်းလက်ယက်တွင်းများကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် ညောင်ဦး-ကျောက်ပန်းတောင်းလမ်းမကြီးနှင့်ဗျတ္တရေး တည်ရှိပြီး မြောက်ဘက်ပိုင်းတွင် ရှင်ပင်ပွင့်လင်းဘုရား ၊ မြစ်ရေတင် ၊ ရေကန် ၊ တောင်ဖင်းတိုက်နယ်ဆေးရုံ ၊ တောင်ဖင်း အ.ထ.က ကျောင်းများ တည်ရှိပါသည် ။ ကျေးရွာတွင် မီးရရှိသော်လည်း မီးအားမပြည့်မှီသောကြောင့် ရေလည်းခက်ခဲနေသည်ကို ကျေးရွာလူထုပြောပြချက်အရ သိရှိရပါသည် ။ တောပိုင်းတွင် ရေပိုက်လိုင်းများ ခက်ခဲနေသည်ကို သိရပါသည်။ သဘာဝအရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ၊ ထန်းတက်သောအလုပ် ၊ မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက်နိုင်ကြောင်းကိုသုံးသပ်မိပါသည်။ ရွာ၏တောင်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ကျေးရွာ၏ လူမှုရေး/အရင်းအမြစ်ပြမြေပုံကိုဆွဲခြင်းအားဖြင့် ကျေးရွာသူ/သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိအခြေအနေနှင့် ကျေးရွာတွင် ရှိနေပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင် မီးအားမပြည့်မှီခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်းနှင့် ဂင်ငွေ နည်းပါးနေခြင်းများ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

## တောင်ဇင်း အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ဘုန်းတော်

၂။ ကောင်းပင်စည်

၃။ ထနောင်းစု

၄။ မကျည်းစောက်

၅။ ကုန်းရွာ

၆။ ကွမ်းဖလား

၇။ ထရိုင်းတော

၈။ တောရွာ

၉။ စံပြ

၁၀။ ပနီတွင်း

၁၁။ ကံကြဲ

၁၂။ ခွေးပြုတ်

၁၃။ ညောင်လှ

# ကျေးရွာ သမိုင်းကြောင်း

ကျေးရွာ အမည် = ကောင်းပင်စည် | အုပ်စု အမည် = တောင်ဖင်း | ရက်စွဲ ။ ၁၀.၁၀.၂၀၁၇

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက် | | ဖြေရှင်းပုံ |
|---|---|---|---|---|---|
| | | | ဆိုးကျိုး | ကောင်းကျိုး | |
| ၁ | အေဒီ ၁၃ ရာစု | ပုဂံခေတ်မှာ(၄၅)ရွာ ရှိခဲ့တယ်.ကောင်းပေမိ ရွာပါဝင်ခဲ့တယ်.အိမ်ခြေ (၁၉)အိမ်တည် ဆောက်ခဲ့တယ် | | ရွာဖြစ်လာသောကြောင့် ကောင်းကျိုးဖြစ်ခဲ့ပါသည် | ကျေးရွာလူထု |
| ၂ | ၁၂၃၅ ဂါခေါင်လပြည့် | ဘုန်းကြီးကျောင်းစတင်တည်ဆောက်ခဲ့ပါ သည်.မင်းကျောင်း ကျောင်းတိုက် | | ဗုဒ္ဓဘာသာ/သာသနာ ထွန်းကားခဲ့ပါသည် | ဂန်ထောက်မင်း ဦးရွှေကင်း+ဒေါ်မယ်ချိန် ကျေးရွာလူထု |
| ၃ | ၁၂၉၁ | ဘုန်းကြီးကျောင်းကို ပြန်လည် ပြင်ဆင်ခဲ့ ပါသည် | | | ဂန်ထောက်မင်း ဦးဖိုးချစ် ကျေးရွာလူထု |
| ၄ | | ကောင်းပင်စည်ရွာလယ်တွင် ဗျတ္တလမ်း ပေါင်းရှိခဲ့ပါသည်။ရွာတောင်ဘက်သားမနိုး ကန်၊ရွာမြောက်ဘက် ပန်းဆက်သရာတွင် နားနေချိန်ပန်းပွင့်သောကြောင့်ရှင်ပင်ပွင့်လင်း ဘုရားရှိပါသည် | | | |

# ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ          တောင်ဖင်းအုပ်စု          ရက်စွဲ ၊ ၁၀.၁၀.၂၀၁၇

ကောင်းပင်စည်ကျေးရွာသည် ယခင်က ကောင်းပေမိရွာ ဟု ခေါ်ဆိုခဲ့ရာမှ ယခုအခါတွင် ကောင်းပင်စည်ကျေးရွာဟု ပြောင်းလဲလာခဲ့သည်ကို သိရှိရပြီး ပုဂံခေတ် ( ၄၅ ) ရွာတွင် ပါဝင်ခဲ့သည်ကိုလည်း သုံးသပ်မိပါသည် ။ ကျေးရွာစတင် တည်ထောင်စဉ်က အိမ်ခြေ ( ၁၉ ) အိမ်နှင့် ရွာတည်ခဲ့သည်ဟုလည်း သိရှိခဲ့ရပါသည် ။ ကျေးရွာတွင် ဘုရား၊ စေတီပုထိုးများ ရှိနေသည်ကို တွေ့ရှိရသောကြောင့် သာသနာထွန်းကားခဲ့သည်ကိုလည်း သိခဲ့ရပါသည် ။ ရာဇဝင်များကိုလည်း တွေ့ရှိခဲ့ရပြီး ကန်တူးဖော်ရာတွင် ကလေးများ မနိုးသေးသောအချိန်တွင် ပြီးဆုံးသွားသောကြောင့် သားမနိုးကန် ဟု အမည်တွင် ခေါ်ဆိုခဲ့သည်ဟု သိရှိခဲ့ရပါသည် ။ ဗုဒ္ဓသည် ပန်းဆက်သ လာရာတွင် ရွာ၏ မြောက်ဘက် နားနေချိန်တွင် ပန်းပွင့်လာသောကြောင့် ရှင်ပင်ပွင့်လင်း ဘုရား တည်ထားကိုးကွယ်ခဲ့ပါသည် ။ ကောင်းပင်စည်ကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်းတက်ကြွစွာ လုပ်ဆောင်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။

# လူထုပေါင်းစု ပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်
## ( PSA / PRA ) အကျဉ်းချုပ် ဇယား

**ကျေးရွာ အမည် -** ကောင်း ပင်ဆေး

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြ မြေပုံ ( Social Map & Resource Map ) | ၁၀,၁၀ ၂၀၁၇ | | ၂၆ | ၂၇ | ၅၃ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်မြေ လယ်မြေစိုက်ခင်း၊ဘုရားပုထိုးများ စသောကျေးရွာ၏ လက်ရှိအခြေအနေ နှင့် ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် ( Seasanal Calendar ) | ။ | ကော်မတီဝင် ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | ရာသီဥတုစိုက်ပျိုးသီးနှံများ လယ်ယာ လုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ ဂမ်းစာဖူလုံရေး နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား ( Metric Ranking ) | ။ | အမျိုးသား အုပ်စု အမျိုးသမီး အုပ်စု | ၁၀၆ | ၁၁၇ | ၂၂၃ | ကျေးရွာသူ၊ကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်း တိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄။ | ပြဿနာ သစ်ပင် ( Problem Tree ) | ။ | ကော်မတီဝင် ကျေးရွာလူထု | ၁၀၆ | ၁၁၇ | ၂၂၃ | ကျေးရွာသူ၊ကျေးရွာသားများ ရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲ၏ ကျိုးကြောင်းဆက်စပ်မှုများကို ပြဿနာ သစ်ပင်ဖြင့် စီစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅။ | အဖွဲ့အစည်း ချိန်ဆက်ပုံ ( Venn Diagram ) | ။ | ကော်မတီဝင် ကျေးရွာလူထု ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၂၀ | ၂၀ | ၄၀ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထု အကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking ) | ။ | ချမ်းသာ အလယ်အလတ် နွမ်းပါး | ၂၀ | ၂၀ | ၄၀ | ကျေးရွာအတွင်းရှိ လူများအကြားငွေကြေးပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းကျေးရွာအတွက်လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |
| ၇။ | ပင့်ကူအိမ် ကွန်ယက် ( Spider Web ) | ။ | အမျိုးသား အုပ်စု အမျိုးသမီး အုပ်စု | ၂၀ | ၂၀ | ၄၀ | အမျိုးသားနှင့်အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း တန်းတူ အခွင့်အရေး၊ပညာသင်ကြားနိုင်မှု၊ဘဝလုံခြုံမှု စသည့်အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |
| ၈။ | ကျား+မ အရင်းအမြစ် ပိုင်ဆိုင်မှုပြ ပုံစံ | ။ | အမျိုးသား အမျိုးသမီး အုပ်စု | ၂၀ | ၂၀ | ၄၀ | ပြဿနာအခွင့်အရေး၊လက်ရှိအခြေအနေနှင့် ပြောင်းလဲမှု ညွှန်ကိန်း |

# ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ကောင်းပင်စည်ဩ　　　အုပ်စု အမည် = တောင်မြေး　　　ရက်စွဲ ။ ၁၈.၁၉.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော်ချိန် | | | | | | | | | | | | |
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုး ချိန် | | | | | | | | | | | | |
| ရိတ် သိမ်း ချိန် | | | | | | | | | | | | |
| ထန်း တက်ချိန် | | | | | | | | | | | | |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| ရေ ရှား ပါး ချိန် | | | | | | | | | | | | |
| ကျန်း မာရေး | | | | | | | | | | | | |


# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　　　တောင်ဖဇင်းအုပ်စု　　　　　　ရက်စွဲ ၊ ၁၀.၁၄.၂၀၁၇

ကောင်းပင်စည်ကျေးရွာ၏ ရာသီစွင်ပြ ပြက္ခဒိန်းအား သုံးသပ်ရာတွင် ကျေးရွာတွင် နတ်တော်လသည် ရွာ၏ အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ပါသည်။ ကျန်လများတွင်လည်း ပွဲတော် ၊ အလှူပွဲများ ၊ ပဌာန်း ပွဲတော်များ အနည်းငယ် ရှိနေသည်ကို သိရပါသည် ။ ရာသီဥတုသည် နွေ ၊ မိုး ၊ ဆောင်း ပြောင်းလဲ နေပြီး ဂါဆို ၊ ဂါခေါင်တွင် သီးနှံများ စိုက်ပျိုးကြပါသည် ။ သီးနှံများကို ဂါဆိုလတွင် အများဆုံးစိုက်ပျိုးပြီး နယုန်လနှင့် ဂါခေါင်လများတွင် အနည်းငယ်စိုက်ပျိုးသည်ဟု သုံးသပ်မိပါသည် ။ သီးနှံများကို ရိတ်သိမ်းရာတွင် သီတင်းကျွတ်လ တွင် စတင်ရိတ်သိမ်း၍ တန်ဆောင်မုန်းလ တွင် အများဆုံး ရိတ်သိမ်းပြီး ပြာသိုလတွင် နောက်ဆုံးထား၍ ရိတ်သိမ်းသည်ကိုတွေ့ရပါသည် ။ တပို့တွဲလတွင် ထန်းစတက်ချိန်ဖြစ်၍ တပေါင်း ၊ တန်ခူးလများသည် ထန်းတက်ချိန် အများဆုံး ဖြစ်ပြီး ဂါဆိုလတွင် ထန်းသိမ်းချိန်အဖြစ်တွေ့ရှိရပါသည် ။ ဂင်ငွေတွင် တန်ဆောင်မုန်းလသည် အကောင်းဆုံး ဖြစ်ပါသည် ။ သီးနှံများ ရိတ်သိမ်းချိန် ဖြစ်သောကြောင့်လည်း ဂင်ငွေကောင်းပါသည် ။ တပေါင်းလတွင် ထန်းတက်ချိန်အများဆုံးဖြစ်၍အသင့်အတင့် ဂင်ငွေရှိပါသည် ။ ကျန်လများတွင် အနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည် ။ ရေရှားပါးချိန်လများမှာ ပြာသိုလမှ စတင်ပြီး တပို့တွဲလ ၊ တပေါင်းလ နှင့် တန်ခူးလများသည် ရေအရှားဆုံး လများဖြစ်သည်ကို သုံးသပ်မိပါသည် ။ ကျန်လများတွင် မိုးရွာသွန်းသောကြောင့် အနည်းငယ်ရေရှိနေပါသည် ။ ကျန်းမာရေး မကောင်းသော ၊ ဖြစ်တတ်သောလများမှာ တော်သလင်းလတွင်အများဆုံး ဖြစ်ပြီးဂါဆိုလနှင့်သီတင်းကျွတ်လများတွင် အနည်းငယ် ဖြစ်တတ်သည်ကို သုံးသပ်မိပါသည် ။ ထို့ကြောင့် အစည်းအဝေးများလုပ်ငန်းများ ပြုလုပ်ရာတွင် မည်သည့်လများ၌ လုပ်သင့်သည်ကိုသိရှိလာနိုင်ကြောင်း သုံးသပ်မိပါသည် ။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇယားကွက်ချပ်

ကျေးရွာ - ကောင်းပင်ဆည် အုပ်စု - တောင်ခင်း ရက်စွဲ ၊ ၁၈.၁၀.၂၀၁၇




ပါဝင်ဆွေးနွေးသူများ - ကျေးရွာလူထု

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ် သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　　တောင်ဇင်းအုပ်စု　　　　　ရက်စွဲ ၊ ၁၀.၁၃.၂၀၁၇

ကောင်းပင်စည်ကျေးရွာအတွင်းတည်ရှိနေသောအဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များတွင် စက်ဝိုင်းများသည် အကြီး ၊ အလတ် ၊ အသေး ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည် ။ စက်ဝိုင်းများသည် ကျေးရွာ၏ သြဇာပါဝါ ရရှိမှုကို ကိုယ်စားပြုသည်ဟု ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည် ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာလူထု ၊ လူငယ် အဖွဲ့ ၊ ရေကော်မတီများသည် ကျေးရွာတွင် သြဇာကြီးသော အဖွဲ့များဖြစ်ကြသည်ကို တွေ့ရှိရပြီး ကျောင်းကော်မတီ ၊ လူထုဗဟိုပြု အဖွဲ့ နှင့် မီးကော်မတီ အဖွဲ့ များသည် အသင့်အတင့်ရှိနေသည်ကို တွေ့ရှိရပါသည် ။ ပရဟိတအဖွဲ့ ၊ ဂေါပကအဖွဲ့ ၊ သ.မ အဖွဲ့ ၊ ဆွမ်းလောင်းအသင်း ၊ မြကျွန်းသာ အဖွဲ့ ၊ မမြမေအဖွဲ့ ၊ ငွေမဒေသဘင် အဖွဲ့များနှင့် ဂုတ်အသင်းများလည်း ရှိသည်ကို တွေ့ရှိရပါသည် ။ ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်နေသည်ကိုလည်း တွေ့ရှိရသောကြောင့် စည်းလုံးညီညွတ်မှု နှင့်ပူးပေါင်းပါဝင်မှုများ အပြင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း စုပေါင်း တိုင်ပင် ဆွေးနွေးကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ်အား ဆွဲလိုက်ခြင်းအားဖြင့် ရွာတွင် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများ သိရှိလာခြင်း ၊ ပါဝါရှိသော အဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များကိုလည်း သိရှိလာကြောင်းသုံး သပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာသည် စုပေါင်းပြီး စည်းလုံးညီညွတ်မှုများနှင့် ဆွေးနွေးတိုင်ပင် လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည် ။

# ဥစ္စာ ဓနပိုင်ဆိုင်မှု ခွဲခြားခြင်း

ကျေးရွာ အမည် = ကောင်းပင်စည်        အုပ်စု အမည် = ဘောင်ဝင်း        ရက်စွဲ ။ ၁၀ . ၁၀ . ၂၀၁၇

| စဉ် | အုပ်စု | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အပြေလည်ဆုံး အုပ်စု | လယ်မြေဧက (၁၀) ဧကအထက် ၊ နွားတစ်ရှဉ်း ၊ ကား ၊ R.C ထပ်ခိုးအိမ် ၊ ပွဲရုံ ၊ TV ၊ ကုန်စုံဆိုင် | ၃၀ | ၈% |
| ၂ | ပြေလည်သောအုပ်စု | လယ်မြေဧက (၅) ဧကအထက် ၊ နွားတစ်ရှဉ်း ၊ နံကပ်အိမ် ၊ ဆိုင်ကယ် ၊ TV ၊ စားဝတ်နေရေး (၆) လစာ ရလုံ | ၅၀ | ၁၄ % |
| ၃ | အသင့်အတင့်ပြေလည်သောအုပ်စု | လယ်မြေဧက (၅) အောက် ၊ သွပ်မိုးထရံကာအိမ် ၊ နွား ၊ ဆိတ် ၊ ဝက် ၊ ကြက် ၊ ဖုန်း ၊ ဆိုင်ကယ် ၊ စားဝတ်နေရေး (၃) လစာ ရလုံ | ၈၀ | ၂၂ % |
| ၄ | မပြေလည်သော အုပ်စု | ထရံကာ သွပ်မိုး အိမ် ၊ ဖုန်း ၊ ဆိုင်ကယ် ၊ စားဝတ်နေရေး တစ်နေ့လုပ် တစ်နေ့စား | ၁၂၃ | ၄၈ % |
| ၅ | နွမ်းပါးသော အုပ်စု | ထန်းရွက်မိုး ထန်းရွက်ကာ အိမ် ၊ စားဝတ်နေရေး မလုံလောက် [illegible] ကျေးရွာလူထုမှ ကျွေးမွေး စောင့်ရှောက် | ၃၀ | ၈ % |

# ဥစ္စာဓန ပိုင်ဆိုင်မှု ခွဲခြားခြင်း အား သုံးသပ်ချက်

**ကောင်းပင်စည်ကျေးရွာ　　　　　တောင်ဖင်းအုပ်စု　　　　　ရက်စွဲ ၊ ၁၀.၁၀.၂၀၁၇**

ကောင်းပင်စည်ကျေးရွာ၏ ဥစ္စာဓန ပိုင်ဆိုင်မှု ခွဲခြားခြင်းကို သုံးသပ်ရာတွင် ကျေးရွာအခြေနေအရ အုပ်စုအဆင့် ( ၅ ) ဆင့်ဖြင့် သတ်မှတ်သည်ကို တွေ့ရှိရပါသည် ။ အုပ်စု တစ်ခုချင်းစီတွင်လည်း ပိုင်ဆိုင်မှုများကို ကျေးရွာ၏လက်ရှိ အခြေအနေအတိုင်း ဆွေးနွေးသတ်မှတ်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အုပ်စု အဆင့် ( ၅ ) ခုမှာ အပြေလည်ဆုံးအုပ်စု ၊ ပြေလည်သော အုပ်စု ၊ အသင့်အတင့် ပြေလည်သော အုပ်စု မပြေလည်သော အုပ်စု နှင့် နွမ်းပါးသောအုပ်စုတို့ ဖြစ်ပါသည် ။ပိုင်ဆိုင်မှုများကိုသတ်မှတ်ထားသော်လည်း အားလုံးပိုင်ဆိုင်သည်ဟု မဆိုလိုနိုင်ပါ ပျှမ်းမျှစွာ သတ်မှတ်ထားခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာတွင် မပြေလည်သော အုပ်စုများ အများဆုံး ရှိနေပြီး နွမ်းပါးသော အုပ်စုများလည်း ရှိနေပါသည် ။ လူမှုရေး ၊ စီးပွားရေး ၊ အလုပ်အကိုင် ၊ စားဝတ်နေရေးသည် ကျေးရွာတွင်လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

ကောင်းပင်စည်ကျေးရွာတွင် ထိုသို့ သတ်မှတ်ခွဲခြားခြင်းအားဖြင့် ကျေးရွာသူ/သားများအားလုံးသည် မိမိတို့ကျေးရွာ၏ လက်ရှိအခြေအနေ အိမ်ထောင်စုများကို သေချာသိကျစွာ သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ မိမိတို့ ကျေးရွာတွင် မပြေလည်သော အုပ်စုတွင် ပါဝင်သောသူတို့၏ အခက်အခဲများ ၊ လိုအပ်ချက်များကို သိရှိလာသောကြောင့် သူတို့အတွက် ဦးစားပေး စဉ်းစားပေးရန်လည်း သိရှိလာကြသည် ။ စီမံကိန်းနှင့် ပတ်သက်သော အစည်းအဝေးများ ၊ လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လာစေရန် ဦးစားပေး ထည့်သွင်းစဉ်းစားပေဖို့ကိုလည်း သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် လူထုဗဟိုပြု စီမံကိန်း၏ ထူးခြားချက်များသည် ကျား ၊ မ တန်းတူ အခွင့်အရေး နှင့် ကျေးရွာရှိ အိမ်ထောင်စု အားလုံးကို ခွဲခြားမှု မရှိစေဘဲ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တန်းတူပူးပေါင်းပါဝင်ဆောင်ရွက် လုပ်ကိုင်ရသည်ကို ကျေးရွာလူထုအားလုံး နားလည်သဘောပေါက်ကြသည်ဟု သုံးသပ်မိပါသည် ။

# ကျား ၊ မပိုင်ဆိုင်မှုပြ ဇယား

ကောင်းမဒေသကျေးရွာ ၊ တောင်ရင်းအုပ်စု

ရက်စွဲ - ၁၀.၁၀.၂၀၁၇

## အရင်းအမြစ် သုံးစွဲမှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကား | အပ်ချုပ်စက် | ဆိတ် |
| နွား | ကုန်စုံဆိုင် | ဝက် |
| ထွန် | ရွှေထည် | ကြက် |
| နွားလှည်း | ထမင်းချက်ဖို | ဆီးတော |
| ဆီဆုံ | ခေါင်းအုံး | ထန်းတော |
| ဆိုင်ကယ် | | သရက်တော |
| ပုဆိုး | | မြေ |
| | | ယာခင်း |
| | | သရပါးတော |
| | | ဗီရို |
| | | စက်ဘီး |
| | | TV |
| | | ရေတွင်း |
| | | နာရီ |
| | | စာသင်ကျောင်း |

## အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကား | အပ်ချုပ်စက် | ဆိုင်ကယ် |
| နွား | ရွှေထည် | ပုဆိုး |
| ထွန် | ခေါင်းအုံး | ကုန်စုံဆိုင် |
| နွားလှည်း | | ထမင်းချက်ဖို |
| ဆီဆုံ | | ဆိတ် ၊ ဝက် |
| | | ကြက် |
| | | ဆီးတော |
| | | ထန်းတော |
| | | သရက်တော |
| | | မြေ |
| | | ယာခင်း |
| | | သရပါးတော |
| | | ဗီရို |
| | | စက်ဘီး |
| | | TV |
| | | ရေတွင်း |
| | | နာရီ |
| | | စာသင်ကျောင်း |


# ကျား ၊ မ ပိုင်ဆိုင်မှု သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　တောင်ဇင်းအုပ်စု　　　　ရက်စွဲ ၊ ၁၁.၁၀.၂၀၁၇

ကောင်းပင်စည် ကျေးရွာ ကျား ၊ မ အရင်း အမြစ် သုံးစွဲမှု နှင့် အရင်းအမြစ် ထိန်းချုပ်မှုပြ ဇယား ကို ကြည့်လိုက်ခြင်း အားဖြင့် ကျေးရွာတွင် သုံးစွဲနေသော အရင်းအမြစ်များကို သိရှိလာပြီး အမျိုးသား များ နှင့် အမျိုးသမီး တို့ သုံးစွဲနေသော အရင်းအမြစ်များကိုလည်း သိရှိလာခဲ့ရပါသည် ။ ထို အရင်းအမြစ် များကို မည်သူတွေက ထိန်းချုပ်နေသည်ကိုလည်း သိရှိလာခဲ့ရပါသည် ။ ကျား ၊ မ ပိုင်ဆိုင်မှုပြ ဇယားကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာ၏ သုံးစွဲနေသော အရင်းအမြစ်များနှင့် ထိန်းချုပ်မှုများကို သိရှိလာသည် ကို တွေ့ရှိရပါသည် ။

# ကျား ၊ မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

**ကျေးရွာ** - ကောင်းပင်စည် **အုပ်စု** - တောင်ရင်း **ရက်စွဲ** - ၁၀,၁၀.၁၇




ကျား

မ


## ကျား/မ ရေးရာ ပင့်ကူအိမ် သုံးသပ်ချက်

**ကောင်းပင်စည်ကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၁၀.၁၈.၂၀၁၇**

ကောင်းပင်စည်ကျေးရွာ၏ ကျား/မ ရေးရာ ပင့်ကူအိမ်အား သုံးသပ်ခြင်းအားဖြင့်အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့် ( ၅ ) အထိ ရောက်ရှိနေပြီး အမျိုးသားများက ဝင်ငွေပိုပြီး ရရှိနေသည့် အနေအထားတွေ့ရပါသည် ။ ထို့ကြောင့် အမျိုးသမီးများအတွက် အိမ်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည် ။ ပညာရေးမှာ အမျိုးသမီးများက အဆင့် ( ၂) ဆင့်တက်နေသည်ကို တွေ့ရှိရပြီး အမျိုးသမီးများကို ပညာရေးတွင် ဦးစားပေးသည်ဟု သုံးသပ်မိပါသည် ။ ကျန်းမာရေးတွင် အမျိုးသမီးများသည် အမျိုးသားများအောက် အဆင့် ( ၁ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများသည် သွားလာရေး လွယ်ကူသော်လည်း အမျိုးသမီးများသည် မလွယ်ကူသောကြောင့်ဟု သုံးသပ်မိပါသည် ။ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ပိုများနေပြီး အမျိုးသမီးများက အိမ်မှုကိစ္စတွင် အလုပ်များနေသောကြောင့် ဖြစ်ပါသည် ။ အစည်းအဝေးများ တက်ရောက်ပါဝင်မှုတွင် အမျိုးသားများက အဆင့် ( ၄ ) ဆင့်အထိ တက်နေပါသည် ။ အမျိုးသမီးများ ပူးပေါင်းပါဝင်ရန် လိုအပ်နေသည်ကို တွေ့ရပါသည် ။ ခေါင်းဆောင်မှု အခြေအနေတွင် အမျိုးသမီးများမှာ အမျိုးသားများအောက် အဆင့် ( ၈ ) အထိ ရှိနေ၍ အမျိုးသားများ အနေဖြင့်အမျိုးသမီးများကို ပူးပေါင်း ပါဝင်ရန် ခေါ်ဆောင်သင့်ပါသည် ။ လုံခြုံမှုတွင် အမျိုးသားများက အဆင့် ( ၇ ) အထိ ကွာဟနေသောကြောင့် အမျိုးသမီးများကို စောင့်ရှောက်ရန် လိုအပ်နေပါသည် ။ အိမ်မှုကိစ္စတွင်အမျိုးသမီးများသည် အဆင့် ( ၉ ) ဆွေးနွေးထားကြပြီး အမျိုးသားများသည် အဆင့် ( ၄ ) တွင် ရှိနေပါသည် ။ ကောင်းပင်စည်ကျေးရွာ၏ ကျား / မ ရေးရာ ပင့်ကူအိမ်ကို ဆွဲလိုက်ခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွာခြားချက်များကို ကျေးရွာလူထုများ ကိုယ်တိုင် သိရှိလာရပါသည် ။ အချုပ်အားဖြင့် ဆိုရသော် မတူညီသော အဆင့်များကိုတူညီအောင် လုပ်ဆောင်ကြပြီး ဖြေးဖြေးချင်း အဆင့်များ တက်သွားအောင် ပူးပေါင်းပါဝင် ဆွေးနွေး လုပ်ဆောင်သင့်သည်ဟု သုံးသပ်မိပါသည် ။

# ပြဿနာ သစ်ပင်

ကောင်းမင်းထွဋ် ကျော်ရှာ　　တောင်ဇော် ဗုဒ်ဂု　　၁၀.၁၀.၂၀၁၇



# ပြဿနာ သစ်ပင် သုံးသပ်ချက်

ကောင်းပင်စည်ကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၁၁.၁၀.၂၀၁၇

ကောင်းပင်စည်ကျေးရွာ၏ မီးအခက်အခဲ ပြဿနာသစ်ပင်အား သုံးသပ်ခြင်းအားဖြင့် ပြဿနာ၏ အဓိက အကြောင်းအရင်းအမြစ်ဖြစ်သော ထရွှန်စဖာမာမီးအားမပြည့်မှီခြင်း ၊ မီးကြိုးမလုံလောက်ခြင်း ၊ တောပိုင်းတွင် မီးတိုင်များ မရှိခြင်း ၊ စီးပွားရေး အဆင်မပြေခြင်း နှင့် အလုပ်အကိုင် မရှိခြင်းတို့ကြောင့် မီးအတွက် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည် ။ ထိုအကြောင်းအရင်းများကြောင့် ကျေးရွာမီးမလင်းခြင်း ၊ ကလေးများ စာကြည့်ဖို့ ခက်ခဲခြင်း ၊ မီးဘေးကြောက်ရခြင်း ၊ ထင်းမီးများ အသုံးပြုနေရသည့်အတွက် သစ်တောများ ဖြုန်းတီးခြင်း ၊ အလုပ်အကိုင်များ ခက်ခဲခြင်း နှင့် ပညာ ၊ ဗဟုသုတများ နည်းပါးခြင်းကြောင့် အကြောင်းတရား၏ အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို သိရှိရပါသည် ။ ထို့ကြောင့် ကျေးရွာတွင် မီးအတွက် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ထရွှန်စဖော်မာ လိုအပ်ခြင်း ၊ မီးတိုင် နှင့် မီးကြိုးများ လိုအပ်ခြင်း နှင့် စီးပွားရေး ကောင်းမွန်စေရန် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့် ဆိုရသော် ပြဿနာသစ်ပင် ရေးဆွဲလိုက်ခြင်းအားဖြင့် ကျေးရွာတွင် လိုအပ်ချက်များ နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အတွက် ဦးစားပေးလုပ်ငန်းများလည်း သိရှိလာသည်ကို သုံးသပ်မိပါသည် ။ ကျေးရွာလူထုအားလုံးလည်း ကျေးရွာ၏ အခက်အခဲများအားလုံးကို ဖြစ်ပေါ်စေသော ဇစ်မြစ်များကို သိရှိလာကြောင်း တွေ့ရှိရပါသည် ။

## ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

## ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ





ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးဌေးအောင် | ကျေးရွာ စီ/ထောက် ဥက္ကဌ | ကောမ်းပင်ဆည်ဦ | ၀၉-၉၅၁၃၂၄၁၃၁ |
| ၂ | ဒေါ်ရွှာဝေး | ကျေးရွာ စီ/ထောက် ဥက္ကဌ | 〃 | ၀၉.၄၂၅၁၃၈၆၄၁ |
| ၃ | ဦးချစ်ငွေ | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဌ | 〃 | ၀၉-၇၉၁၂၂၉၀၃၇ |
| ၄ | ဦးတံညွှန့် အောင် | မှတ်တမ်းထိန်း | 〃 | ၀၉-၂၆၁၃၈၈၀၆၇ |
| ၅ | ဒေါ်အေးအေးခိုင် | အဖွဲ့ဝင် | 〃 | ၀၉-၇၆၉၅၉၆၈၇ |
| ၆ | ဦးအောင်ငွေ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဌ | 〃 | ၀၉-၇၇၀၂၈၇၅၂၂ |
| ၇ | ဦးမြင့်ဦး | အဖွဲ့ဝင် | 〃 | ၀၉-၇၇၇၈၈၆၀၄၄ |
| ၈ | ဒေါ်ညိုမာ | အဖွဲ့ဝင် | 〃 | ၀၉-၇၉၅၇၅၆၄၈ |
| ၉ | ဦးမိုးအောင် | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဌ | 〃 | |
| ၁၀ | ဦးအောင်မြင်း | အဖွဲ့ဝင် | 〃 | |
| ၁၁ | ဒေါ်ချောစိန် | အဖွဲ့ဝင် | 〃 | ၀၉-၂၅၉၅၅၅၇၅၅ |
| ၁၂ | ဦးညွန့်ဝေ | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | ၀၉-၂၆၀၀၄၂၂၂၅ |
| ၁၃ | ဒေါ်မြမြအေး | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | ၀၉-၄၅၂၆၅၀၀၁၄ |
| ၁၄ | ဦးကျော်လွင် | စေတနာ့ဝန်ထမ်း | 〃 | |
| ၁၅ | ဒေါ်မိုးမိုး | စေတနာ့ဝန်ထမ်း | 〃 | ၀၉.၉၆၁၂၄၈၉၁ |
| ၁၆ | ဦးခင်နိုင် | ကျေးရွာစာရင်းကိုင် | 〃 | ၀၉-၂၅၁၂၅၈၁၃၃ |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးဖိုက် | ၀၉ - ၇၉၁၄၁၂၈၀၀ | | ဦးကျော်ဇေဖြိုး |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| မန္တလေး | ညောင်ဦး | တောင်ဇရဲ | ကောင်းမင်ဆည် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၆၃ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၆၃ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၈၁၆ | ၉၆၇ |
| လူမျိုးစု (၂)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၈၉ | ၇၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* နတ်စင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် / (မရှိပါ) / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/ မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၁----- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၀၀:၀၅:၀၀--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်---၀၀:၀၅:၀၀--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --- လေမုန်တိုင်း ကျသင့်[illegible] ၂၀၁၁

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဖဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရေ ကော်မတီ

(၂) မီး ကော်မတီ

**(၉) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးပိုက် | |
| | လက်မှတ် | နေ့စွဲ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးကျော်ဇေမြင့် | |
| | လက်မှတ် | နေ့စွဲ |

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်ခင်ဝင်း | | | |
| နေ့စွဲ ၉.၁၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) **(ticked)** ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု တောင်ဇရာ | ကျေးရွာ ကျောက်ပန်းတောင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁၀.၁၇ | ၉.၁၀.၁၇ | ၁၀၃ | ၁၀၅ | ၂၀၈ | ၂၀၈ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁၀.၁၇ | ၁၀.၁၀.၁၇ | ၁၀၆ | ၁၀၇ | ၂၁၃ | ၂၁၃ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၂၈ | ၁၈ | ၄၆ | ၄၆ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၃.၁၁.၁၇ | ၂၃.၁၁.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၇.၄။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၅။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်ဝင်းဖြိုး | | | |
| နေ့စွဲ ၁၀.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁)<br>☑ စက်ဝန်း(၃) | ☐ စက်ဝန်း(၂)<br>☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု တောင်ရေး | ကျေးရွာ ကောင်းမင်ရွာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | တံပိုးတွင် မီးမရရှိသည့်အတွက် ညအချိန်တွင် သွားလာရေး ခက်ခဲ | ၁ | အိမ်တိုင်း မီးမရရှိသည့်အတွက် စီးပွားရေး နှောင့်နှေး ပညာရေး ခက်ခဲ |
| ၂ | ရွာအနောက်ပိုင်း မီးမရရှိသည့်အတွက် စီးပွားရေး၊ ပညာရေး ခက်ခဲ | ၂ | တံပိုးတွင် ရေအတွက် အချိန်ပေးရသဖြင့် စီးပွားရေး နှောင့်နှေး သဖြင့် [illegible] ခက်ခဲ |
| ၃ | တံပိုးတွင် ရေအတွက် အချိန်ပေးရသဖြင့် စီးပွားရေး နှောင့်နှေး | ၃ | စက်ရေတွင်း ရှိသော်လည်း တံပိုးနှင့် ဝေးပြီး ရေခပ်ရာတွင် ခက်ခဲ |
| ၄ | အနောက်တံပိုးတွင် မီးမရရှိသည့်အတွက် စီးပွားရေး၊ ပညာရေး ခက်ခဲ | ၄ | ကျောင်းသို့ သွားသောလမ်း မကောင်းသဖြင့် ကျောင်းသား/သူများ သွားလာရေး ခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | တံပိုး မီးရရှိခဲ့လျှင် ညအချိန်တွင် သွားလာရေး လွယ်ကူပြီး ကလေးများ စာကြည့်ကျက် | ၁ | အိမ်တိုင်း မီးရရှိခဲ့လျှင် စီးပွားရေး၊ ပညာရေး ပိုမို တိုးတက် လာမည် |
| ၂ | အိမ်တိုင်း မီးရရှိခဲ့လျှင် စီးပွားရေး ပညာရေး ပိုမို တိုးတက် ကောင်းမွန် လာမည် | ၂ | တံပိုး အိမ်ဆိုင် ရေရောက် ရောက်ရှိခဲ့လျှင် စီးပွားရေး ကို ကောင်းစွာ လုပ်နိုင်မည် |
| ၃ | တံပိုးတွင် အိမ်တိုင် ရေရောက် ရောက်ရှိလျှင် စီးပွားရေးကို ကောင်းစွာ လုပ်ဆောင်နိုင်မည် | ၃ | အိမ်တိုင်း ရေပေးဝေလျှင် အချိန် ပိုမို ရရှိလာပြီး စီးပွားရေး ပိုမိုကောင်း လာမည် |
| ၄ | အနောက်တံပိုး မီးရရှိခဲ့လျှင် ညအချိန် သွားလာရေး လွယ်ကူပြီး စီးပွားရေး၊ ပညာရေး ကောင်း | ၄ | ကျောင်းသို့ သွားသောလမ်း ကောင်းမွန်ပါက ကျောင်းကို အချိန်မီ ရောက်နိုင်မည် |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မီးကြိုး ၊ မီးတိုင် ၁၃ပင် တင်ခြင်း | ကျား + မ | ၁၃,၀၀၀,၀၀၀ | ၁၇၈၃ |
| ၂ | တံတိုင်း မီးလင်းရေး | ကျား + မ | ၈,၀၀၀,၀၀၀ | 〃 |
| ၃ | စက်ရေတွင်းဖော်၍ ရေပိုက်လိုင်းသွယ် | ကျား + မ | ၂၀,၀၀၀,၀၀၀ | 〃 |
| ၄ | လမ်း ပြုပြင်ခြင်း | ကျား + မ | ၈,၀၀၀,၀၀၀ | 〃 |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကွန်ပျူတာ သင်တန်း | ကျား + မ | |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် ချေးငွေ | ကျား + မ | |
| ၃ | အိမ်တွင်းမှု သင်တန်း | ကျား + မ | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည်၊ ဝင်းစန္ဒာ    လက်မှတ်၊ [signature]    နေ့စွဲ ၁၀.၁၀.၂၀၁၉

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ခိုင်ဖြိုး ၊ ဒေါ်သက်မွန်ဦး | | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ချင်းလေး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | စက်ရေတွင်းတူး၊ဆော်ဖြင့် (ရေအုတ်ကန်၊ရေစက် ရုံ အပါ) | 700'-4Ø 3000 gal 10'x8'x8' | ၁၇၁၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | | ၁၂,၂၀၀,၀၀၀ |
| [illegible] | ဓာတ်ကြိုး၊ ဓာတ်တိုင်စိုက်ထူ တပ်ဆင်ခြင်း | 3000'-400V (26)တိုင် | ၆၈၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | | ၁၀,၀၀၀,၀၀၀ |
| [illegible] | စက်ရေတွင်းတူး၊ဆော် ခြင်း (ရေအုတ်ကန်၊ရေ စက်ရုံအပါ) | 700'-4Ø 3000 gal 18'x8'x8' | ၁၆၈၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | | ၁၂,၂၀၀,၀၀၀ |
| [illegible] | ဓာတ်ကြိုး၊ ဓာတ်တိုင် ချိတ်ဆက်တပ်ဆင်ခြင်း | 3500'-400V (32)တိုင် | ၁၇၈၃ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၆၀၀,၀၀၀ | | ၃၀၀,၀၀၀ | | ၁၁,၉၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦး[illegible] လက်မှတ်၊ ........ ရက်စွဲ၊ ၂၀.၁၀.၂၀၁၇

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇော်မြင့် ၊ ဒေါ် ဘက်မွန်ဦး |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ |
| စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး ; မြို့နယ် ညောင်ဦး ; ကျေးရွာအုပ်စု တောင်ဇင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| မကျည်းတောက် | ကွန်ကရစ်ကျောက်ကာလမ်း ခင်း ၊ ခြင်း | 1600′x14′ x 6″ | ၉၃၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| ကျည်းရွာ | ကွန်ကရစ်၊ ချုပ်၊ လမ်း၊ ခင်း ၊ ခြင်း | 4500′x14′ x 1′ | ၇၀၂ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၇၀၀,၀၀၀ | | ၃၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| ထနောင်းတော | စီးကြပ်ဖိုတိုင် သွယ်တန်း ၊ ခြင်း | 4500′-400′ (13)တိုင် | ၅၃၀ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀,၀၀၀,၀၀၀ | | ၈၈၀,၀၀၀ | ၁၀,၈၈၀,၀၀၀ |
| တောရွာ | ကွန်ကရစ်ကျောက်ချောလမ်းခင်း ၊ ခြင်း | 2000′x12′ x 9″ | ၅၃၂ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၀၀၀,၀၀၀ | | ၉၇၅,၀၀၀ | ၁၁,၉၇၅,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦးဘကြည်နိုင် ......... လက်မှတ်၊ ......... ရက်စွဲ၊ ၂၀.၁၀.၂၀၁၇ .........

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်၊* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇေယျဖြိုး ၊ ဒေါ်သက်မွန်ဦး |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ — စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး — မြို့နယ် ရေနံချောင်း — ကျေးရွာအုပ်စု တောင်ရင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ခံမြ | ထိမ်ကြိုး၊ မီးတိုင် သွယ်တန်းခြင်း | ၂၀၀၀'+၄၀၀' ၂၁ တိုင် | ၄၀၅ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၆၀၀,၀၀၀ | | ၁၉၄,၉၁၂ | ၉,၇၉၄,၉၁၂ |
| ဇွဲမြင်တော် | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၈၄၃၀၀' ၄၄ တိုင် | ၁၁၃၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၅၀,၀၀၀ | ၁၂,၂၅၀,၀၀၀ |
| ရွာဘုံလှ | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၂၅၀၀' ၂၆ တိုင် | ၈၀၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ပနီကွင်း | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၃၈၀၀' ၃၉ တိုင် | ၁၁၇၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦးခင်ဦးမြင့် လက်မှတ်၊ .................... ရက်စွဲ ၊ ၂၀.၁၀.၂၀၁၇

## ပုံစံ စ-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ကျော်ဇေ မြင့် ၊ ဒေါ် သက်မွန်ဦး | | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ဒေါင်ဦး | ကျေးရွာအုပ်စု တောင်ဒင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကံကျွဲ | မီးကြိုး မီးတိုင် သွယ်တန်းခြင်း | ၂၉၀၀' ၃၀ တိုင် | ၉၈၆ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၀,၇၀၀,၀၀၀ | | ၃၀၀,၀၀၀ | | ၁၁,၀၀၀,၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/တောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး ဘိုဘိုဦး လက်မှတ် [signature] ရက်စွဲ ၂၀.၁၀.၂၀၁၇

"လူထုဗဟိုပြု စီမံကိန်း"

## ဒုတိယနှစ် စက်ဝန်း

### စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

| | | | |
|---|---|---|---|
| ကျေးရွာအမည် | - ကောင်းပင်ရွာ | အုပ်စုအမည် | - တောင်ရန်း |
| နေရာ | - ဘုန်းကြီးကျောင်း | ရက်စွဲ | - ၉.၁၀.၂၀၁၇ |
| အစည်းအဝေး စတင်ချိန် | - ၁၀:၀၀ | ပြီးဆုံးချိန် | - ၄:၀၀ |

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၁၀၃) မ (၁၀၅)

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စက်ဝန်း ပထမ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး ကို ၉.၁၀.၂၀၁၇ ရက်နေ့ တွင် ပြုလုပ်ခဲ့ပါ သည်။ ပထမဦးစွာ အခမ်း အနား အစီအစဉ် များကို ကြေညာခဲ့ပါသည်။ ထို့နောက် အခမ်းအနား မှူး ဖွင့်လှစ်ကြောင်း ပြောကြား ပေးခဲ့ပြီး ကျေးရွာ အုပ်ချုပ်ရေးမှူး ဦး ပိုက် မှ အဖွင့် အမှာ စကား ပြောကြား ခဲ့ပါ သည်။ ကျေးရွာ လူထုမှ အစည်းအဝေးများ တက် ရောက်ပြီး ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရန် နှင့် တိုင်ပင် ဆွေးနွေးပြီး ပြုလုပ်ကြရန် ပြောကြားခဲ့ပြီး အစည်းအဝေး မပြီးဆုံးဘဲ ပြန်မသွားကျပါ အစည်းအဝေး ပြီးဆုံး သည် အထိ တက်ရောက် ပေးကြရန် ပြောကြား ခဲ့ပါသည်။

လူထု စည်းရုံးရေးမှူး ဦး ကျော်ဇင်ဖြိုး မှ ယခု အစည်းအဝေး ပြုလုပ်ရ သည့် ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပြီး အလုပ်တွေ မအားလပ် လေမယ့် အစည်းအဝေး ကို တက်ရောက်ပေးတဲ့ အတွက် ကျေးဇူးတင်ရှိကြောင်း စကား ပြောကြား ခဲ့ပါသည်။ ထို့နောက် လူထုဗဟိုပြု စီမံကိန်း အကြောင်း ကို ကျေးရွာ လူထု နှင့် အပြန်အလှန် ဆွေးနွေး ခဲ့ကြပြီး စီမံကိန်း ၏ ရည်ရွယ် ချက် ကို ကျေးရွာ လူထု နား လည်အောင် ရှင်းပြ ဆွေးနွေး ခဲ့ပါသည်။

ထို့နောက် ဒေါ်သူဇာလှိုင်မှ စီမံကိန်း စက်ဝန်း အကြောင်းအရာ များ တွင် ပါဝင်သော အပိုင်း (၆) ပိုင်း နှင့် အဆင့် (၁၄) ဆင့် ကို သေချာစွာ ရှင်းပြ ခဲ့ပါသည်။

စိမ်းကိုင်း ကော်ဝန်း အသင်း တစ်ခု စီတွင် ပထမနှစ်က တွေ့ကြုံခဲ့သော
အကြောင်းအရာများကို ပြန်လည် ဆွေးနွေးခဲ့ပြီး အသင်းဝိုင်းတွင် ဥပမာများ
ပေး၍ ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။ ထို့နောက်
ရန်ပုံငွေ အကြောင်းကို ဦးကျော်ခင်မြင့် မှ ရှင်းပြခဲ့ပါသည်။ စိမ်းကိုင်း မှ
ရန်ပုံငွေများ ချထားပေးရာတွင် တစ်ရွာချင်းစီ၏ လူဦးရေကို ထောက်ပံ့
တာမဟုတ်ပဲ အုပ်စုရဲ့ လူဦးရေအပေါ်မှာ မူတည်ပြီး ထောက်ပံ့ပေးသော
ကြောင့် အုပ်စုမှ သုံးဖြတ်မည် ဖြစ်ကြောင်း နှင့် ရန်ပုံငွေများကို ခွဲဝေရာတွင်
လုပ်ငန်းများ အပေါ် မူတည်ပြီး ခွဲဝေသတ်မှတ်ကြောင်း ရှင်းပြခဲ့ပါသည်။
ယခုနှစ် အတွက် ရန်ပုံငွေ အပြောင်းအလဲ ရှိကြောင်းကိုလည်း ကျေးရွာလူထု
အားလည်းကောင်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာတွင် ယခုနှစ်
လုပ်မည့် လုပ်ငန်းများ အတွက် အကျုံးဝင်သော လုပ်ငန်းများ နှင့် အကျုံး မဝင်သော
လုပ်ငန်းများကို ဒေါ်သူဇာလှိုင် မှ ရှင်းပြခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး
အတွက် ကျေးရွာမှ အဆိုပြု ထားသော လုပ်ငန်းများကို မြို့နယ်သို့ တင်ပြရပါ
သည်။ မြို့နယ်မှ ခွင့်မပြု သော လုပ်ငန်းများကို လုပ်ဆောင်၍ မရကြောင်း
ရွာသားများ ထိခိုက်နစ်နာသော လုပ်ငန်းများ နှင့် အရည်အသွေး မပြည့်မှီ သော
လုပ်ငန်းများ မရကြောင်း ကျေးရွာလူထု အားလည်းကောင်း ရှင်းပြခဲ့ပါသည်။
သက်လက်ကျ အကာအကွယ် အကြောင်းကိုလည်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။
လူတိုင်း အတွက်လည်း အကာအကွယ်များ အသုံးပြုသင့်ကြောင်းကို
ဥပမာများဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။ ဖြစ်နိုင်ခြေ ရှိသည့် ဆိုးကျိုး
များကို လျော့ချနိုင်ရန် အတွက် အကာအကွယ်ဆိုတာ အရေးကြီးကြောင်း
ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စိမ်းကိုင်း၏ အစီအစဉ် အခန်းကဏ္ဍ တစ်ခု ဖြစ်သော
ကျား၊မ ရေးရာ ကို ဦးကျော်ခင်မြင့် မှ ဆွေးနွေးခဲ့ပါသည်။ ကျား၊မ ရေးရာ
အတွက် မေးခွန်းများ မေးခဲ့ပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေး
ခဲ့ကြသည်။ ကျား၊မ ရေးရာ၏ အစီအစဉ် အချက် (၆) ချက်ကိုလည်း၊
ထပ်မံ ဆွေးနွေးခဲ့ပြီး ၊ [illegible] တိုင်ကြား [illegible] စနစ်

အကြောင်းကိုလည်း ဆေးခန်းများနှင့် ပေါင်း ဆွေးနွေးခဲ့ပါသည်။
လုပ်ငန်းများ လုပ်ဆောင်ရာတွင် မှင့်လင်း၊ ဖြင့်ဘာသာမှ ရှိဆေးရုံနှင့် ညှိမြန်
သိရောက်ရှိ တို့ဖြင့် ဖြေရှင်းပေးနိုင်သော နည်းလမ်းကြောင်းကို ကျေးရွာလူထုနှင့်
ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် ~~အကြီး ထိုင်ကြား~~ ဖြေရှင်းရေး စနစ်၏ လုပ်ငန်းစဉ်
များနှင့် အသေးစိတ် စီးဆင်းပုံများကိုလည်း ကျေးရွာလူထု နားလည်အောင်
ဆွေးနွေးခဲ့ပါသည်၊ ဆက်လက်ပြီး လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေး
အကြောင်းကို ဆော်ဩရာတွင်မှ ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းများ ရေရှည်တည်
တံ့နိုင်မည့်အောင်၊ ဆက်လက်အသုံးပြုနိုင်အောင်၊ လည်ပတ်ထိန်းသိမ်း
ရေး အစီအစဉ်များ လိုအပ်ကြောင်း၊ ရေးဆွဲထားရမည် ဖြစ်ကြောင်းနှင့်
ရန်ပုံငွေများလည်း ကောက်ခံထားသင့်ကြောင်း ဥပမာများဖြင့် ကျေးရွာ
လူထု နားလည်အောင် ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထုမှလည်း ပူးပေါင်း
ပါဝင်မှသာ အောင်မြင်နိုင်မည်ဟု ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အခွင့်အရေး
နှင့် တာဝန်ဝတ္တရားများကို ဦးကျော်ဇေယျ မှ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထု
တွင် အခွင့်အရေးများ ရှိကြောင်း၊ ထိုအခွင့်အရေးများကို သိရှိပြီး
အသုံးချတတ်ဖို့ လိုအပ်ကြောင်း၊ ဆုံးဖြတ်ချက် ချမှတ်ခွင့်တွေကို သိရှိ
ပြီး သတင်းအချက်အလက်တွေ ရယူဖို့ ဆွေးနွေးခဲ့ပါသည်။
ကျေးရွာဦး၊ ဝေတက် ကော်မတီဝင်တွေရဲ့ တာဝန်ဝတ္တရားများကို သေချာ
စွာ နားလည်အောင် ရှင်းပြပေးခဲ့ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်
ကျေပွန်မှု၏ အဓိပ္ပာယ်များကို ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍
စီမံကိန်းမှ သတ်မှတ်ထားသော အောင်ရန်၊ ရှောင်ရန် ကျင့်ဝတ်များကို
ကျေးရွာတွင် ကြုံတွေ့နေရသော ဥပမာများဖြင့် ဆွေးနွေးခဲ့ပါသည်။
ထို့နောက် ကျေးရွာ အတွက် လိုအပ်ပြီး စေတနာထား ပြုလုပ်လိုသော
စီမံကိန်းကို စိတ်ဝင်စားသော ကျေးရွာ စေတနာ့ဝန်ထမ်း (၂၁) ဦးကို
ကျား (၁၁) ဦး၊ မ (၁၀) ဦး ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုမှ ရွေးချ
တင်မြှောက်ခဲ့ပြီး စေတနာ့ဝန်ထမ်းများမှလည်း စီမံကိန်းကို စိတ်ဝင်စားသော
ကြောင့် လူမှု၊ ဘာရာမှု ရရှိခဲ့ပါသည်။

## လူထုအခြေပြု စီမံကိန်း

### တဝီယသနမ် ဓက်ဝန်း

### စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ကောင်းပင်စည် အုပ်စုအမည် - တောစခေး

နေရာ - ဘုန်းကြီးကျောင်း ရက်စွဲ - ၁၀.၁၁.၂၀၁၇

အစည်းအဝေး စတင်ချိန် - ၁၀း၀၀ ပြီးဆုံးချိန် - ၄း၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၁၀၆) မ (၁၀၇)

အစည်းအဝေး စတင်ခြင်း ကျေးရွာလူထုနှင့် ပဝဝမရဲ့ အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး နောက် ဒုတိယအနေဖြင့် အစည်းအဝေး အစီအစဉ်များကို ဦးကျော်ဝင်းမြင့်မှ ရှင်းပြခဲ့ပါသည်။ ထို့နောက် လူမှုသင်းခြင်းများ ဖြေလှယ်ရသည့် ရည်ရွယ်ချက် အဓိကပါဝင်နှင့် ပဝဝမနှင့်က တွေ့ဆုံခဲ့ရသော အကြောင်းအရာများကို အနည်းငယ် ပြောကြားခဲ့ပြီး အုပ်စု ခွဲ၍ ဆွေးနွေးခဲ့ပါသည်။ လူမှု / အရေးအခင်း ဖြေရှင်း ၊ ဥစ္စာဓန မိုင်းဆိုင်မှု အသင့် ခွဲခြားသတ်မှတ်ခြင်း ၊ ရာသီဥတုမြေ ပြက္ခဒိန် ၊ အဖွဲ့အစည်း ချိတ်ဆက်မှု ဖိုးကားချပ် ၊ ကျား ၊ မ ပင့်ကူအိမ် နှင့် ကျား ၊ မ အရေးအခင်း မိုင်းဆိုင်မှုနှင့် ထိန်းချုပ်မှု တို့ကို ကျေးရွာလူထု အားလုံး ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုမှ PRA တစ်ခုချင်းစီကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုကို ကျား ၊ မ အုပ်စု များ ခွဲ၍ ကျေးရွာတွင် အရှိတကယ် လိုအပ်သော ၊ ရင်ဆိုင်နေရသော အခက်အခဲ များ နှင့် မျှော်မှန်း ချက် များကို ဝိုင်းဝန်း ဆွေးနွေး ခဲ့ပြီး စာရွက်ပေါ် တွင် ချရေးခဲ့ သည်။ ထို့နောက် အခက်အခဲ များ၏ အကြောင်း အရင်းကို အဖြေရှာ အတွက် သစ်ပင်နှင့် နှိုင်းယှဉ်ပြီး ပြဿနာ သစ်ပင်ရေးဆွဲရာ အကြောင်းတရားများ နှင့် အကျိုး

ဘက်ရောက်မှု များကိုလည်း ကျေးရွာလူထုအား နားလည်နိုင်သော ဥပမာ များဖြင့် ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာအတွက် ဦးစားပေး လုပ်ငန်း များ ရွေးချယ်ရာတွင် လိုချင်တာနဲ့ လိုအပ်တာကို ခွဲခြားစေကောင်း ဥပမာများဖြင့် ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု၏ အများသဘော အတိုင်း ဦးစားပေး လုပ်ငန်းများကို ရွေးချယ်ခဲ့ပါသည်။ ဦးစားပေး လုပ်ငန်းများ ရွေးချယ်ပြီးသောအခါ ကျေးရွာ၏ (၄) နှစ်တာ ဖွံ့ဖြိုးရေး အစီအစဉ် ကို ရေးဆွဲခဲ့သည်။

ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ ရွေးချယ်ပြီး သော အခါ ထိုလုပ်ငန်းများ လုပ်ဆောင် အကောင်အထည်ဖော်နိုင်ရန် ကျေးရွာတွင် ကော်မတီများ ဖွဲ့စည်းရန် လိုအပ်ကြောင်းကို ထပ်မံရှင်းပြ ခဲ့ပါသည်။ ကော်မတီများ ဖွဲ့စည်းရန် အတွက် ကျေးရွာ စီ၊ ဘောက် ကော်မတီ ဖွဲ့စည်းပုံ နှင့် အုပ်စု ကော်မတီ ဖွဲ့စည်းပုံ တို့ကို ပထမဦးစွာ ရှင်းပြခဲ့ပြီး ကော်မတီဝင် များ၏ တာဝန် ဝတ္တရား များကို ထပ်မံရှင်းပြ ခဲ့ပါသည်။ ကော်မတီများ ရွေးချယ်ရာတွင် သွေးမျိုး အရင်း များ မပါဝင်ရန်၊ လူမှု၊ နေရာမှ ရွေးချယ်တတ်ရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု အများသဘော ဆန္ဒဖြင့် ကော်မတီဝင် များကို ရွေးချယ်ခဲ့ ပါသည်။

အကြောင်း အရာများ အားလုံးကို အနှစ်ချုပ်ပြီး အစည်းအဝေး အောင်မြင်စွာ ပြီးဆုံး ကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည် ကော်မတီဝင် များ အားလုံးကို အချက်အလက် များ ပြော့ခဲ့ပြီး လက်မှတ် ရေးထိုး စေခဲ့ပါသည်။ ကျေးရွာ စီ၊ ဘောက် ကော်မတီဝင်များ နှင့် မှတ်တမ်း ဓာတ်ပုံ ရိုက်ကူး ဒုတိယ ၁ နှစ် စီမံကိန်း မိတ်ဆက် အစည်း အဝေး အောင် မြင်စွာ ပြီးဆုံး ခဲ့ ပါသည်။

ကဏ္ဍအလိုက် အစက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကောင်းပင်စေတီ ကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မီးကြိုး၊ မီးတိုင် သွယ်တန်း | ကျေး+မြ | ၁၀/၂၀၁၇ | | |
| | ၂ | တံတိုင်း မီး လမ်း ရေး | " | " | | |
| | ၃ | ကန်ရေတွင်းနှင့် ရေသိုလှောင်ကန် | " | " | | |
| | ၄ | လမ်း ပြုပြင် ခြင်း | " | " | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | ကျွန်း ပျိုးထောင် သင်တန်း | " | " | | |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေး ချေးငွေ | " | " | | |
| | ၃ | အိမ်တွင်းမှု သင်တန်း | " | " | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |